# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့

## နေ့စဉ်ဈေးကွက်သတင်းလွှာ

myantrade

August 10, 2020 Volume 34, Number 5


**၁၀.၈.၂၀၂၀**

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၂၀၃၂ US$ |
| မြန်မာ့ရွှေဈေး | = ၁၃၃၃၀၀၀ ကျပ် |
| ဒေါ်လာဈေး | = ၁၃၇၉/- ကျပ် |
| CBM Rate | = ၁၃၆၅.၀ ကျပ် |
| ယူရို တစ်ယူရို | = ၁၆၀၆.၉ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၉၉၄.၀၀ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၁၇၈၄.၇ ကျပ် |
| ဂျပန်ယန်းတစ်ရာ | = ၁၂၈၈.၃ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၉၇၇.၅၃ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၁၉၅.၈၅ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၁၈.၂၂၅ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၁၅.၀၀ ကျပ် |
| မလေးရှားရင်းဂစ် | =၃၂၅.၄၆ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၄၃.၈၄ကျပ် |

၁၇၀Source: CBM Rate, etrademyanmar.com


**CONTACT US**

ကုန်သွယ်မှုသတင်းအချက်လက်နှင့်
သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.gov.mm
myantradetir2016@gmail.com


## ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်ကုန်ဆုံးရန် နှစ်လသာကျန်ရှိချိန်တွင် ပြည်ပကုန်သွယ်မှုလျာထားချက် ဒေါ်လာ ၃၃ ဘီလျံပြည့်မီရန် ဒေါ်လာ နှစ်ဘီလျံကျော်သာလိုအပ်ပြီး လက်ရှိဘဏ္ဍာနှစ် လျာထားချက်ပြည့်မီနိုင်

၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်ကုန်ဆုံးရန် နှစ်လသာကျန်ရှိချိန်တွင် ပြည်ပကုန်သွယ်မှုလျာထားချက် ဒေါ်လာ ၃၃ ဘီလျံရန် ပြည့်မီရန်အတွက် ဒေါ်လာ နှစ်ဘီလျံကျော်သာလိုအပ်ပြီး လက်ရှိဘဏ္ဍာနှစ် လျာထားချက် ပြည့်မီနိုင်မည်ဖြစ်ကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှသိရသည်။ လက်ရှိ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်အတွက် ပြည်ပကုန်သွယ်မှု ဒေါ်လာ ၃၃ ဘီလျံအထိ ခန့်မှန်းလျာထားသည်။ လက်ရှိဘဏ္ဍာနှစ် အောက်တိုဘာ ၁ ရက်မှ ဇူလိုင် ၃၁ ရက်အထိ ၁၀ လတွင် ပြည်ပကုန်သွယ်မှု ဒေါ်လာ ၃၀ ဒသမ ၈၂၃ ဘီလျံ ရရှိထားသည်။

၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်သည် ၂၀၁၉ ခုနှစ် အောက်တိုဘာမှ ၂၀၂၀ ပြည့်နှစ်စက်တင်ဘာလအကုန်တွင် ကုန်ဆုံးမည်ဖြစ်သည်။ ထို့ကြောင့် ဘဏ္ဍာနှစ်ကုန်ဆုံးရန် နှစ်လသာ ကျန်ရှိချိန်တွင် ပြည်ပကုန်သွယ်မှု လျာထားချက်ပြည့်မီရန် ဒေါ်လာ ၂ ဒသမ ၀၇၇ ဘီလျံရရှိရန် ဆောင်ရွက်သွားရမည်ဖြစ်သည်။ COVID-19 ကြောင့် မြန်မာနိုင်ငံ၏ ပြည်ပကုန်သွယ်မှုအပေါ် ထိခိုက်မှုရှိခဲ့သော်လည်း လက်ရှိဘဏ္ဍာနှစ်၏ ကုန်သွယ်ရေးလျာထားချက်ဒေါ်လာ ၃၃ ဘီလျံထက် ကျော်လွန်နိုင်မည်ဖြစ်ကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန လက်ထောက်အတွင်းဝန် ဦးခင်မောင်လွင်က The Daily Eleven သတင်းစာသို့ ပြောကြားသည်။ "ဒီနှစ်မှာ ကုန်သွယ်ရေးလျာထားချက်ထက်ကျော် တောင်ကျော်သွားနိုင်တယ်။ အခုလက်ရှိကို ကာလတူနဲ့ယှဉ်ရင် နှစ်ဘီလျံလောက်ကျော်နေပြီ။ သတ်မှတ်ချက်ထက် ကျော်ဖို့အနေအထားရှိတယ်။ COVID-19 ကြောင့်တော့ ထိခိုက်မှုရှိတယ်။ ဥပမာ- CMP လိုဟာမျိုးတွေ ထိခိုက်မှုရှိတယ်။ သတ်မှတ်ချက်က ဒေါ်လာ ၃၃ ဘီလျံပေါ့။ လက်ရှိ မှာတော့ သတ်မှတ်ချက်ကို ၇၅ ရာခိုင်နှုန်းလောက် ဆောင်ရွက်ပြီးသွားပြီ။ ကာလတူနဲ့နှိုင်းယှဉ်ရင် နှစ်ဘီလျံလောက်ပိုနေပြီ" ဟု ဦးခင်မောင်လွင်ကပြောကြားသည်။

၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်အတွက် ပြည်ပကုန်သွယ်မှုလျာထားချက်ကို ပို့ကုန်တင်ပို့မှုမှ ဒေါ်လာ ၁၅ ဒသမ ၅ ဘီလျံနှင့် သွင်းကုန်တင်သွင်းမှုမှ ဒေါ်လာ ၁၇ ဒသမ ၅ ဘီလျံလျာထားကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှသိရသည်။ လက်ရှိ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် ၁၀ အထိ ပို့ကုန်တင်ပို့မှု ၁၄ ဒသမ ၆ ဘီလျံကျော် ရရှိထားသဖြင့် ကျန်ရှိနေသည့်ဘဏ္ဍာနှစ် နှစ်လတွင် ပို့ကုန်လျာထားချက်ပြည့်မီရန် ဒေါ်လာတစ်ဘီလျံခန့်သာလိုအပ်သည်။ ထို့အတူ သွင်းကုန်တင်သွင်းမှုမှ ဒေါ်လာ ၁၆ ဒသမ ၃၁၂ ဘီလျံရရှိထားသဖြင့် သွင်းကုန်လျာထားချက်ပြည့်မီရန် ဒေါ်လာတစ်ဘီလျံကျော်သာ လိုအပ်သည်။

မြန်မာနိုင်ငံအနေဖြင့် ပြည်ပသို့ လယ်ယာထွက်ကုန်၊ တိရစ္ဆာန်ထွက်ပစ္စည်း၊ ရေထွက်ပစ္စည်း၊ သတ္တုတွင်းထွက်ပစ္စည်း၊ သစ်တောထွက်ပစ္စည်း၊ စက်မှုကုန်ချော (CMP) နှင့် အခြားကုန်ပစ္စည်းများကို အဓိကတင်ပို့နေခြင်းဖြစ်သည်။ မြန်မာနိုင်ငံ၏ အဓိကကုန်စည်ခုနစ်မျိုးခန့်ကို စနစ်တကျတိုးတက်အောင် ဆောင်ရွက်မည်ဆိုပါက ယင်းကုန်စည်တစ်ခုစီမှ ဝင်ငွေဒေါ်လာ တစ်ဘီလျံခန့်အထိ တိုးတက်ရရှိနိုင်ကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှသိရသည်။ ပြည်ပမှရင်းနှီး မြှုပ်နှံမှုကုန်ပစ္စည်း၊ လုပ်ငန်းသုံးကုန်ကြမ်းပစ္စည်း၊ လူသုံးကုန်ပစ္စည်း၊ CMP ကုန်ကြမ်းပစ္စည်းစသည်တို့ကို အဓိကတင်သွင်း နေခြင်းဖြစ်သည်။

လက်ရှိဘဏ္ဍာနှစ် အောက်တိုဘာ ၁ ရက်မှ ဇူလိုင်လကုန်အထိ ၁၀ လတွင် ပြည်ပကုန်သွယ်မှု ၃၁ ဘီလျံနီးပါးရရှိထားပြီး ယခင်နှစ်ကာလတူထက် ဒေါ်လာ ၁ ဒသမ ၆ ဘီလျံကျော်ရရှိထားသည်။ ယင်းအနက် ပင်လယ်ရေကြောင်းကုန်သွယ်မှုမှ ဒေါ်လာ ၂၂ ဘီလျံနီးပါးရရှိပြီး ယခင်နှစ်ကာလတူထက် ဒေါ်လာ ၁ ဒသမ ၄ ဘီလျံနီးပါးနှင့် နယ်စပ်ကုန်သွယ်မှုမှ ဒေါ်လာ ၉ ဘီလျံနီးပါး ရှိပြီး ယခင်နှစ်ကာလတူထက် ဒေါ်လာသန်း ၂၄၀ နီးပါး ပိုမိုဆောင်ရွက်ထားခြင်းဖြစ်သည်။

**Source:** https://news-eleven.com/article/186342

## မြန်မာ့ရိုးရာချိတ်အဆင်တွေ မူပိုင်ခွင့်ရရှိရန် အသင်းအဖွဲ့ ဖွဲ့စည်းပြီးဆောင်ရွက်မည်



မြန်မာ့ရိုးရာ ချိတ်အဆင်တွေ မူပိုင်ခွင့်ရရှိဖို့ ဆောင်ရွက်မယ့် အသင်းတစ်သင်းကို ဖွဲ့စည်းသွားမယ်လို့ မန္တလေးတိုင်းဒေသကြီး အထည်လိပ်ရက်ကန်းလုပ်ငန်းရှင်များအသင်းက သိရပါတယ်။ အဲဒီ အသင်းဖွဲ့စည်းဖို့အတွက် ဥပဒေပညာရှင်တွေနဲ့တွေ့ဆုံထားပြီး ယူနက်စကိုမှာ ဉာဏမူပိုင်ခွင့်ရရှိအောင် ဆောင်ရွက်သွားမှာ ဖြစ်တယ်လို့ မန္တလေးတိုင်းဒေသကြီး အထည်လိပ် ရက်ကန်း လုပ်ငန်းရှင်များအသင်းရဲ့ အတွင်းရေးမှူး ကိုမင်းဆွေက ပြောပါ တယ်။ “ မူပိုင်ခွင့်အတွက် အချိတ်အသင်းဆိုပြီး သတ်သတ်ဖွဲ့မယ်။ ရက်ကန်းလုပ်ငန်းရှင်များအသင်းနဲ့မဆိုင်ပါဘူး။ အထည်အချိတ် မူပိုင်ခွင့်အတွက် သီးသန့်ဆောင်ရွက်မယ့် အသင်းကိုဖွဲ့မှာပါ” လို့ ပြောပါတယ်။

ပြည်ပကနေ ဝင်ရောက်လာတဲ့ချိတ်တွေဟာ ပြည်တွင်းက ဒီဇိုင်းတွေကိုပုံတူကူးယူပြီး ဈေးနှုန်းချိုသာစွာနဲ့ ဝင်ရောက်လာ နေတာလို့လည်း သိရပါတယ်။ ပြည်တွင်းမှာတော့ ချိတ်အဆင်တွေကို ဆယ်ရက်လောက် အချိန်ယူတီထွင်ဖန်တီးရတဲ့အပြင် ပုံတူကူးထားတဲ့ ပြည်ပအထည်ချိပ်တွေကြောင့် ပြည်တွင်းလုပ်ငန်းရှင်တွေအတွက် ဈေးကွက်အတွင်း နစ်နာမှုတွေ ရှိနေ တာလည်းဖြစ်ပါတယ်။ ထိုင်းနိုင်ငံကလည်း အချိတ်တွေကို မူပိုင်ခွင့်ရရှိအောင် ကြိုးပမ်းနေတာတွေရှိသလို တခြားနိုင်ငံတွေ ကလည်း ကြိုးပမ်းနေတာတွေရှိတယ်လို့ မန္တလေးတိုင်းဒေသကြီး အထည်လိပ် ရက်ကန်းလုပ်ငန်းရှင်များအသင်းရဲ့ စည်းရုံး ရေးမှူး ကိုအောင်သူရကိုက ပြောပါတယ်။ “လွန်းရာချိတ်တို့ ပိုးကြီးချိတ်တို့ကို မူပိုင်ခွင့်အတွက် သူတို့ကလည်း ကြိုးစားနေတာ။ ဒီဘက်ကလူတွေကိုခေါ်ပြီး မူပိုင်ခွင့်အတွက် လုပ်နေကြတယ်။ ဒါကလုပ်ငန်းရှင်အတွက် အရေးကြီးတာတင် မဟုတ်ဘူး။ နိုင်ငံ အတွက်ပါအရေးကြီးတာပါ။ ဒီချိတ်တွေက ဘိုးဘွားအစဉ်ဆက်လုပ်ကိုင်လာကြတွေပါ။ “ လို့ ကိုအောင်သူက ပြောပါတယ်။

မြန်မာ့ရိုးရာချိတ်အထည် ဒီဇိုင်းမူပိုင်ခွင့်အတွက် ဌာနဆိုင်ရာတာဝန်ရှိသူတွေနဲ့ပူးပေါင်းပြီး ဆောင်ရွက်နေတယ်လို့ သိရပါတယ်။ မူပိုင်ခွင့်ရရှိရင် ချိတ်နဲ့ပတ်သက်တဲ့ပညာရပ်တွေကို အလွယ်တကူကူးချ တုပတာတွေ ပျောက်သွားမှာဖြစ်တယ်လို့ ပြောပါတယ်။ လက်ရှိချိတ်အထည်တွေက ဒီဇိုင်းတွေဟာ ပြည်တွင်းဒီဇိုင်းဆိုတာသေချာပေမယ့် မူပိုင်ခွင့်ဆောင်ရွက်ရာမှာတော့ အခက်အခဲအချို့ရှိနေတယ်လို့ မန္တလေးတိုင်းဒေသကြီး အထည်လိပ် ရက်ကန်းလုပ်ငန်းရှင်များအသင်း အတွင်းရေးမှူး ကိုမင်းဆွေက ပြောပါတယ်။ “ပြည်တွင်းဒီဇိုင်းတစ်ခုက ဘယ်ကနေစလာတယ်ဆိုတာ အတတ်မပြောနိုင်သေးဘူး။ ဟိုအထည်နဲ့ ဒီအထည်စပ် အဲလိုလုပ်လာကြတာ။ မြန်မာ့ရိုးရာပါလို့ပြောလို့ရပေမယ့် ထုတ်လုပ်တဲ့သူ ဘယ်သူဆိုတာမျိုးတော့ ပြောမရဘူး ဖြစ်နေတယ်” လို့ ကိုမင်းဆွေက ပြောပါတယ်။

ရိုးရာယဉ်ကျေးမှု ဖော်ပြချက်တွေနဲ့ ရိုးရာဓလေ့အမွေအနှစ်တွေကို ကာကွယ်မြှင့်တင်နိုင်ရေးအတွက် စာပေနဲ့ အနုပညာမူပိုင်ခွင့်ဥပဒေကို ၂၀၁၉ ခုနှစ် မေလက ပြည်ထောင်စုလွှတ်တော်မှာ ပြဋ္ဌာန်းခဲ့ပါတယ်။ အဲဒီဥပဒေမှာ ရှေးခေတ်ဝတ်စုံ၊ တိုင်းရင်းသားရိုးရာ အဝတ်အထည်၊ အသုံးချအနုပညာလက်ရာ၊ အထည်အလိပ်ဒီဇိုင်းစတာတွေကို ကာကွယ်ပေးရမယ်လို့ ထည့်သွင်းရေးဆွဲထားတယ်လို့အသင်း တာဝန်ရှိသူတွေကပြောပါတယ်။ အကာအကွယ်ပေးခံထားရတဲ့ လက်ရာတွေကို တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်ပြီးဖြစ်စေ ကူးယူပါက (၃)နှစ်ထက် မပိုတဲ့ ထောင်ဒဏ်ဖြစ်စေ ငွေကျပ် (၁၀) သိန်းထက်မနည်းတဲ့ ငွေဒဏ်ဖြစ်စေ ပြစ်ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်နိုင်တယ်လို့သိရပါတယ်။

**Source:** https://web.facebook.com/onenewsmyan/posts/2610182262629637

## ကြက်သွန်များ ချင့်ချိန်ပြီးအရောင်းအဝယ်လုပ်ရန် မြန်မာနိုင်ငံစားဖိုဆောင်သီးနှံ စိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများအသင်းဥက္ကဋ္ဌ အကြံပြု

ယခင်နှစ်က ဈေးကောင်းရရှိမှုကြောင့် ကြက်သွန်နီများကို တိုးမြှင့်စိုက်ပျိုးခဲ့သော်လည်း ကိုဗစ် ၁၉ ရောဂါဖြစ်ပွားသည့်အတွက်ဝယ်လိုအားလျော့နည်းပြီး တောင်သူများနှင့်ကုန်သည်များ အရှုံးနှင့်ရင်ဆိုင်နေရသည့်အတွက် ချင့်ချိန်ပြီး အရောင်းအဝယ်လုပ်ရန် မြန်မာနိုင်ငံစားဖိုဆောင်သီးနှံ စိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများအသင်းဥက္ကဋ္ဌ အကြံပြုပြောသည်။ ယခင်နှစ်က ကြက်သွန်နီဈေးမှာ တစ်ပိဿာကို ၃၅၀၀ အထိ ဈေးရရှိခဲ့သည့်အတွက် ယခုနှစ်တွင် တောင်သူများ ပိုမိုတိုးချဲ့စိုက်ပျိုးခဲ့ရာ ကြက်သွန်နီထွက်ချိန် ဖေဖော်ဝါရီလနှင့်မတ်လတို့တွင်ကိုဗစ်ဖြစ်သည့် အချိန်နှင့်တိုက်ဆိုင်ခဲ့မှုကြောင့်အရှုံးနှင့် ရင်ဆိုင်ခဲ့ရခြင်းဖြစ်သည်။ "မနှစ်က ဈေးကောင်းတော့ ပိုစိုက်တယ်။ သူ့ရဲ့ထွက်ချိန်က ကိုဗစ်နဲ့ တည့်တည့်တိုးတော့ ဈေးကတော်တော်ကျသွားတယ်။ ကုန်သည်ထက် တောင်သူက ပိုပြီးထိတယ်။ ဈေးမရလို့မရောင်းရဲတော့ သူတို့လက်ဝယ်မှာရှိနေတာပေါ့။ ။ နယ်မှာလက်ကျန်များနေတယ်။ နောက်တစ်ခုက ပြည်ပအခြားနိုင်ငံတွေက လိုအပ်ချက် ရှိလာလို့ ဝယ်မယ်ဆိုရင် ဈေးက ပြန်တော့တက်လာနိုင်တယ်။ ဒါကလည်း သေချာမှန်းလို့မရဘူး။ ကိုယ့်အတွက် နည်းနည်းအရင်းရရ၊ အမြတ်နည်းနည်းထွက်ထွက် ချင့်ချိန်ပြီး အရောင်းအဝယ်လုပ်ကြဖို့တော့ အကြံပြုချင်တယ်" ဟု မြန်မာနိုင်ငံ စားဖိုဆောင်သီးနှံ စိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများအသင်းဥက္ကဋ္ဌ ဦးခင်ဟန်က ပြောသည်။

ထိုသို့တိုးချဲ့စိုက်ပျိုးခဲ့သော်လည်း ကိုဗစ် ၁၉ ကြောင့် ပြည်တွင်းပြည်ပ ဝယ်လိုအားမှာလျော့နည်းခဲ့ပြီး တောင်သူများလက်ဝယ်တွင်လည်း ကြက်သွန်လက်ကျန်များနေသောကြောင့် သိုလှောင်ရန်အခက်အခဲရှိခဲ့သဖြင့် အရှုံးနှင့်ရင်ဆိုင်နေရကြောင်းသိရသည်။ "ဟိုရက်ပိုင်းက တော်တော်အခြေအနေဆိုးတယ်။ ဒီရက်ပိုင်းတော့ ရန်ကုန်ကို ကားအစီးရေ ၂၀ လောက်တော့ဝင်နေပြီ။ တရုတ်က နည်းနည်းပါးပါးဝယ်တော့ တစ်ပိဿာကို ၅၀ လောက် ပြန်တက်လာတယ်"ဟု ဦးခင်ဟန်က ပြောသည်။

မြန်မာနိုင်ငံတွင် ကိုဗစ် ၁၉ ဂယက်ကြောင့် စီးပွားရေးများထိခိုက်မှုရှိပြီး ယခင်က ဘုရင့်နောင်ကုန်စည်ဒိုင်သို့ တစ်ရက်လျှင် ကြက်သွန်ကားအစီးရေ ၄ စီး ဝင်ရောက်ရာ နေ့ချင်းပြတ်ရောင်းရသော်လည်း လက်ရှိတွင် ကားတစ်စီးကို သုံးရက်ခန့်ရောင်းချနေရကြောင်းသိရသည်။

**Source:** https://www.facebook.com/fifthwavenews/posts/721799075217486?__tn__=K-R

## COVID-19 ကြောင့် ယခုဘဏ္ဍာနှစ် ၁၀ လအတွင်း နယ်စပ်ပို့ကုန်တင်ပို့မှု လျော့ကျ

ကမ္ဘာ့ကပ်ရောဂါ COVID-19 ကြောင့် နယ်စပ်ကုန် သွယ်ရေးလမ်းကြောင်းများတွင် ကျန်းမာရေးစစ်ဆေးမှုများ တင်းကျပ်ထားသဖြင့် ယခုဘဏ္ဍာနှစ် ၁၀ လအတွင်း မြန်မာနိုင်ငံမှ ပို့ကုန်တန်ဖိုး အမေရိကန်ဒေါ်လာ သန်း ၁၂၀ ကျော် လျော့နည်းသွားသည်။ ယခုဘဏ္ဍာနှစ် ၁၀ လအတွင်း သဘာဝဓာတ်ငွေ့တင်ပို့မှုအပါအဝင် နယ်စပ်မှ မြန်မာပို့ကုန်တန်ဖိုး ဒေါ်လာခြောက်ဘီလီယံကျော်ရှိပြီး ပြီးခဲ့သည့်ဘဏ္ဍာနှစ်ကာလတူက ၆ ဒသမ ၁၇ ဘီလီယံကျော် တင်ပို့ထားနိုင်သည်။ ကျန်းမာရေးစစ်ဆေးမှုတင်းကျပ်ထားခြင်းကြောင့် အချိန်ကြန့်ကြာပြီး ကုန်စည်တင်ပို့နိုင်မှုပါ လျော့နည်းရခြင်းဖြစ်ပြီး နယ်စပ်ကုန်သွယ်မှုစာရင်းတွင် ပါဝင်သော သဘာဝဓာတ်ငွေ့တင်ပို့မှုကလည်း နိုင်ငံတကာရေနံဈေးနှုန်းကျဆင်းကြောင့် ဝင်ငွေလျော့ကျနေသည်ဟု စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူ ဦးခင်မောင်လွင်ကပြောသည်။

မြန်မာနိုင်ငံသည် အိမ်နီးချင်း တရုတ်၊ ထိုင်း၊ အိန္ဒိယ၊ ဘင်္ဂလားဒေ့ရှ်၊ လာအိုနိုင်ငံတို့နှင့် နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်း ၁၈ ခု ဖွင့်လှစ်ထားသည်။ အိမ်နီးချင်း ငါးနိုင်ငံနှင့် နယ်စပ်ကုန်သွယ်ရေး လုပ်ငန်းများဆောင်ရွက်ရာတွင် တရုတ်နိုင်ငံက အများဆုံးဖြစ်ပြီး နယ်စပ်ကုန်သွယ်ရေး စုစုပေါင်း၏ ၅၀ ရာခိုင်နှုန်းခန့်ရှိနေသည်။ တရုတ်နိုင်ငံသို့ မှုဆယ်၊ လွယ်ဂျယ်၊ ကန်ပိုက်တီ၊ ချင်းရွှေဟော် ကုန်သွယ်ရေးစခန်းများမှတင်ပို့သည့် ပို့ကုန်ပမာဏက ဒေါ်လာသုံးဘီလီယံကျော်ရှိပြီး တရုတ် နယ်စပ်မှ မြန်မာပို့ကုန် တန်ဖိုးသည် ပြီးခဲ့သည့် ဘဏ္ဍာနှစ် ကာလတူနှင့်နှိုင်းယှဉ်လျှင် ဒေါ်လာ သန်း ၄၅၀ ကျော် လျော့ နည်းသည်။ COVID-19 ကပ်ရောဂါ ဖြစ်နေချိန်တွင် နယ်စပ်မှ ပို့ကုန် တန်ဖိုး လျော့နည်းသွားသော် လည်း ပင်လယ်ရေကြောင်းမှ တင်ပို့မှုက တိုးတက်လာသည်။

**Source:** https://7day.news/detail?id=195082

## လိုင်စင်မရသဖြင့် ကြက်နှင့်ငါး တွဲဖက်မွေးမြူသူများ အခက်အခဲကြုံတွေ့



ကြက်နဲ့ငါး တွဲဖက်မွေးမြူသူတွေအတွက် ယာယီငါးမွေးမြူခွင့် လိုင်စင်ထုတ်မပေးတော့တာကြောင့် မွေးမြူရေးလုပ်ငန်းရှင်တွေအတွက် အခက်အခဲရှိနေတယ်လို့ မန္တလေးတိုင်း ကြက်ဥကြက်သားမွေးမြူ ထုတ်လုပ်ရောင်းချသူများအသင်းကနေ သိရပါတယ်။ ယခင်က ကြက်နဲ့ ငါးတွဲဖက်မွေးမြူဖို့အတွက် ငါးမွေးမြူခွင့်ယာယီလိုင်စင်ကို တနှစ်တခါ ထုတ်ပေးခဲ့တာဖြစ်ပြီး ၂၀၁၉ ခုနှစ်မှာ ကြက်နဲ့ငါးကို တွဲဖက်မမွေးဖို့ အမိန့်ထုတ်ခဲ့တာလို့သိရပါတယ်။ အခုအချိန်မှာတော့ လိုင်စင်ထပ်ထုတ် မပေးတော့တာကြောင့် အခက်အခဲဖြစ်နေတယ်လို့ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူတွေကပြောပါတယ်။

ကြက်ဥကြက်သား မွေးမြူထုတ်လုပ်ရောင်းချသူများအသင်း ဥက္ကဋ္ဌဒေါက်တာနေသူရိန်က "ကြက်နဲ့ငါးနဲ့တွဲပြီးတော့ ငါးလုပ်ငန်းအဖွဲ့ချုပ်အနေနဲ့ မမွေးစေချင်ဘူးပေါ့။ အကြောင်းပြတာက အိတ်စ်ပို့ ပို့ရတာခက်လိမ့်မယ်ပေါ့။ ဒါပေမဲ့ ကျနော်တို့ ကြက်နဲ့ငါးနဲ့တွဲမွေးထားတဲ့ ငါးတွေကကျတော့ အိတ်စ်ပို့ဆိုဒ်လည်း မဟုတ်ပါဘူး။ ဒီငါးတွေက ငါးဆယ်သား၊ အလွန်ဆုံးကြီးရင် တစ်ပိဿာပဲ၊ အိတ်စ်ပို့ဆိုဒ်ဆိုတာ 2KG အထက်ဆိုတာ တစ်ပိဿာနှစ်ဆယ်အထက်၊ တစ်ပိဿာငါးဆယ်အထက်၊ အဲ့လိုမျိုးတွေလည်း ကြက်နဲ့ငါးနဲ့တွဲမွေးတဲ့ ခြံတွေကနေမထွက်ပါဘူး။ အဲ့ကျတော့ အိတ်စ်ပို့ငါးက သူဟာသူသီးသန့်ပါပဲ၊ အဲ့တော့ သူတို့ အိတ်စ်ပို့အတွက်ကို စိုးရိမ်နေတဲ့ ကိစ္စကလည်း ပြဿနာမရှိတော့ဘူး" လို့ပြောပါတယ်။ ဒါ့အပြင် လိုင်စင် မရတော့တာကြောင့် တရားမဝင်မွေးမြူတဲ့သဘောမျိုးဖြစ်လာတဲ့အပြင် နောက်ပိုင်းမှာ ချေးငွေမရတော့တဲ့ အခက်အခဲမျိုးအထိ နစ်နာထိခိုက်လာတာတွေရှိနိုင်တယ်လို့ပြောပါတယ်။ ဒေါက်တာနေသူရိန်က "တရားမဝင်လိုမျိုး လိုင်စင်ထုတ်မပေးထားဘူး ဆိုရင်တော့ တချိန်ချိန်ကျရင် ဖမ်းဆီးတာတွေ ဘာတွေဖြစ်လာနိုင်တယ်။ အထူးသဖြင့်ခုလို ကိုဗစ်-၁၉ ကိစ္စလိုမျိုး နိုင်ငံအတွက် စားနပ်ရိက္ခာထုတ်လုပ်ဖို့ အရေးကြီးနေတဲ့အချိန်တွေမှာ တစ်ချို့ကို ချေးငွေပေးပြီးတော့ တစ်ချို့ကို ချေးငွေမပေးဘူး။ ဒါမျိုးတွေ ကျတော့ အဆင်မပြေဘူး။ လိုင်စင်ရှိတဲ့သူကို ချေးငွေပေးပြီး လိုင်စင်မရှိတဲ့သူကို ချေးငွေမပေးဘူး။ ဒါပေမဲ့သူတို့လည်း ငါးမွေးမြူ ထုတ်လုပ်နည်းစနစ်ကို သေသေချာချာ စနစ်တကျထုတ်လုပ်နေတာပဲ၊ အခွင့်အရေးတွေကို ကန့်သတ်လိုက်သလိုတော့ ဖြစ်သွား တာပေါ့" လို့ ပြောပါတယ်။

ဖွံ့ဖြိုးပြီးနိုင်ငံတွေမှာသာ ကြက်နဲ့ငါးကို သီးခြားစီမွေးမြူကြတာဖြစ်ပြီး ဖွံ့ဖြိုးဆဲနိုင်ငံတွေအနေနဲ့ တွဲဘက်မွေးမြူတဲ့ စနစ်ကသာ အဆင်ပြေနိုင်တယ်လို့ဆိုပါတယ်။ တွဲဖက်မွေးမြူတာကြောင့် ယင်ကောင်မရှိတော့တာ၊ အနံ့အသက်မရှိတော့တာ၊ အစာစရိတ်လျော့ကျလာတာ၊ ပိုမိုသန့်ရှင်းလာတာတွေအပြင် အစာကွင်းဆက်စနစ်ကို ပိုမိုအားပေးတဲ့ မွေးမြူပုံဖြစ်စေတယ်လို့ သိရပါတယ်။ ကြက်ချေးကို အစာတစိတ်တပိုင်းအဖြစ် ပြန်လည်အသုံးပြုတဲ့ ကြက်နဲ့ငါးတွဲဖက်မွေးမြူရေးစနစ်ဟာ လူ့ကျန်းမာ ရေးအတွက် ထိခိုက်စေနိုင်တယ်ဆိုတဲ့ ဝေဖန်ချက်တွေဟာလည်း မှန်ကန်မှုမရှိဘူးလို့ဆိုပါတယ်။

ဖွံ့ဖြိုးဆဲနိုင်ငံတွေအနေနဲ့ အခုလိုမွေးမြူမှုဟာ အသင့်တော်ဆုံးဖြစ်ကြောင်း ကုလသမဂ္ဂစားနပ်ရိက္ခာနှင့်စိုက်ပျိုးရေးအဖွဲ့ (Food and Agriculture Organization-FAO) က ထောက်ခံထားတဲ့ မွေးမြူနည်းစနစ်ဖြစ်တယ်လို့လည်း သိရပါတယ်။ မန္တလေးတိုင်းမှာတော့ ကြက်နဲ့ငါး တွဲဖက်မွေးမြူတဲ့ ကေကိုးထောင်ခန့်ရှိပြီး မန္တလေးမြို့အနီးတစ်ဝိုက်နဲ့ မတ္တရာမြို့အနီးမှာ အဓိက မွေးမြူကြတယ်လို့သိရပါတယ်။

**Source:** http://burmese.dvb.no/archives/403880

**DVB TV News**

## ဩဂုတ်လအတွင်း အောင်ပန်းခရမ်းချဉ်ဈေးကွက် ဝယ်လိုအားအဆမတန်မြင့်တက်



၂၀၂၀ ခုနှစ် ဩဂုတ်လအတွင်း အောင်ပန်းခရမ်းချဉ်ဈေးကွက် ဝယ်လိုအား အဆမတန်မြင့်တက်နေကြောင်း ခရမ်းချဉ်ပွဲရုံများမှ သိရသည်။ Covid-19 ဖြစ်စဉ်ကြောင့်ဆိုပြီး ခရမ်းချဉ်ဈေးကျသွားတာမျိုး ဈေးကွက်ကို ထိခိုက်သွားတာမျိုးတော့ ဒီလအတွင်းမှာမရှိပါဘူး။ ဒီနှစ်က အရင်နှစ်တွေကထက် ဈေးကွက်ပိုကောင်းတယ်ပြောလို့ရတယ်။ အင်းသီးတွေကလည်း ဟိုတလောက မိုးများပြီး ကျွန်းမျောတွေရေဆွဲကုန်တယ် ကြားရတယ်။ ဒါကြောင့် အင်းဘက်မှာလည်း အချိန်ပြန်ယူရဦးမယ်လို့ ခန့်မှန်းရတယ်။ ကျောက်ပန်းတောင်း၊ ပုပ္ပါးဘက်က ထိုင်ဝမ်ခရမ်းချဉ်သီးကလည်း အထွက်နည်းနေသေးတယ်။ ဒါကြောင့် ခရမ်းချဉ်ဈေးနှုန်းက အခုလိုမျိုး အတက်ဘက်ကိုဦးတည်နေတာပါဟု အောင်သီရိခရမ်းချဉ်ပွဲရုံ(အောင်ပန်း)မှ စီမံအုပ်ချုပ်သူ မစန္ဒာအောင်က ပြောသည်။

လာမည့် ၁၅ ရက်အတောအတွင်း ခရမ်းချဉ်ဈေးနှုန်းများ ဈေးအမြင့်တွေနဲ့ပဲ ဆက်လက်ရှိနေနိုင်ကြောင်း ဈေးကွက်ကျွမ်းကျင်သူများထံမှသိရသည်။ မိုးမရွာခင်တုန်းကတော့ အသီးခေါင်ခဲ့တာပေါ့။ အသီးတွေမတင်ခဲ့ဘူးပေါ့။ အခု လောလောဆယ်မှာကျတော့ မိုးတအားရွာချလိုက်တော့ တချို့အပင်ပျောင်းတွေလည်း အနည်းငယ်နာကုန်တယ်။ တစ်ချို့အပင်သစ်တွေအတွက်တော့ မိုးရွာတာ အပင်ကောင်းသွားပါတယ်။ ခရမ်းချဉ်က ဒီရက်ပိုင်းတော့ ဈေးအမြင့်တွေနဲ့ပဲ ဆက်လက်ရှိနေဦးမယ်လို့ ယူဆလို့ရပါသေးတယ်ဟု မစန္ဒာအောင်က ဆက်လက်ပြောသည်။ လက်ရှိအောင်ပန်းဈေးကွက်အတွင်း ခရမ်းချဉ်တစ်ပိဿာလျှင် အရည်အသွေးပေါ်မူတည်၍ ၁၁၀၀ ကျပ်မှ ၁၅၀၀ ကျပ် ဈေးနှုန်းများဖြင့် ရောင်းဝယ်နေသည်။

**Source:** https://greenwaymyanmar.com/posts/high_demand_for_tomato

## ရာသီချိန်မရောက်သေးသည့်အတွက် ဈေးငြိမ်နေတဲ့ ငရုတ်



ငရုတ်သီးခြောက်ပေါ်တဲ့ ရာသီမဟုတ်သလို ငရုတ်သီးခြောက်ဈေးမှာလည်း ကျွန်းပွတစ်ပိဿာ ၄,၅၀၀ ကျပ်၊ ရှမ်းပွတစ်ပိဿာ ၄,၈၀၀ ကျပ်ဈေးဖြင့် အတက်အကျမရှိ တည်ငြိမ်လျက်ရှိနေကြောင်း မကွေးတိုင်းဒေသကြီး မင်းဘူးမြို့ ဘောလုံးကွင်းဈေးအတွင်းမှ စုံစမ်းသိရှိရပါတယ်။ မင်းဘူးမြို့ ငရုတ်သီးခြောက်ဈေးကွက်မှာ လက်လီဈေးနဲ့ လက်ကားဈေး ၅၀၀ ကျပ်သာ ကွာခြားပြီး မင်းဘူးမြို့နယ်တစ်ဝိုက်မှာ ငရုတ်သီးခြောက် အထွက်နည်းတဲ့အတွက် ရေနံချောင်း၊ စလင်း၊ ဆိတ်ဖြူ၊ ဆင်ဖြူကျွန်း၊ ပခုက္ကူ၊ တောင်သာနယ်များမှ ဝယ်ယူလေ့ရှိကြောင်း မင်းဘူးမှ ငရုတ်သီးခြောက်ကုန်သည် ဦးသာပေါက MOI သို့ ပြောဆိုပါတယ်။

"ဝယ်ယူပြီး ရခိုင်ပြည်နယ်ဘက်ကို ပြန်ရောင်းချပါတယ်။ ရှမ်းပြည်နယ် အောင်ပန်း၊ ကလောမြို့နယ်များမှ ရေတ်သီးခြောက်များကိုလည်း ဝယ်ယူရပါတယ်။ ရှမ်းပြည်နယ်ဘက်မှထွက်သော ရေတ်သီးခြောက်များမှာ အရည်အသွေး ပိုကောင်းပါတယ်" လို့ ၎င်းက ရေတ်သီးခြောက်ဝယ်ယူမှုနဲ့ ပတ်သက်ပြီး ပြောဆိုပါတယ်။ အရောင်းအဝယ်ဖြစ်လျက်ရှိတဲ့ ရေတ်သီးခြောက်မှာ ကိုင်းပွ (ကျွန်းပွ)၊ ရှမ်းပွနဲ့ ပင်နံခြောက်ဆို သုံးမျိုး ရှိပြီး ပင်နံခြောက်က အခြားရေတ်ခြောက် နှစ်မျိုးထက် ဈေး ၁,၀၀၀ ကျပ်ဝန်းကျင် ပိုကြီးပါတယ်။

**Source: MOI**

https://www.facebook.com/pissayainfo/?ref=py_c

## ယခုဘဏ္ဍာနှစ် ၁၀ လအတွင်း ပြည်ပသို့ချုပ်ထည်တင်ပို့မှု ယခင်နှစ်ကာလတူထက် ဒေါ်လာသန်း ၆၀ ကျော်လျော့ကျ

မြန်မာနိုင်ငံမှချုပ်ပြီး အထည်များ အဓိကဝယ်ယူနေသော ဥရောပနိုင်ငံများက အဝယ်ရပ်တန့်ခဲ့မှုကြောင့် ပို့ကုန်ဝင်ငွေ လျော့ကျပြီး ယခုဘဏ္ဍာနှစ် ၁၀ လအတွင်း ပြည်ပသို့ ချုပ်ပြီးအထည်တင်ပို့မှုမှ ဒေါ်လာ ၃ ဒသမ ၇ ဘီလီယံ ရရှိထားကြောင်း စီးပွားကူးသန်းဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူ ဦးခင်မောင်လွင်ကပြောသည်။ ပြီးခဲ့သည့်ဘဏ္ဍာနှစ် ကာလတူနှင့်နှိုင်းယှဉ်ပါက ချုပ်ပြီးအထည်တင်ပို့မှုမှ ဝင်ငွေ ဒေါ်လာသန်း ၆၀ ကျော် လျော့နည်းသည်ဟု ၎င်းကဆိုသည်။ ၂၀၁၄ နောက်ပိုင်းတစ်နှစ်လျှင် ၃၀ ရာခိုင်နှုန်းကျော် နှစ်စဉ်တိုးတက်ခဲ့သော ချုပ်ပြီးအထည်တင်ပို့မှုလုပ်ငန်းတွင် လက်ရှိ၌ အပ်ထည်ရရှိမှုအခက်အခဲကိုလည်း ကြုံနေရသည်။

ကုန်ကြမ်းကို တရုတ်နိုင်ငံမှ အများဆုံးတင်သွင်းပြီး ပြည်တွင်း၌ချုပ်လုပ်၍ ကုန်ချောကို ဥရောပ၊ ဂျပန်၊ အမေရိကန်နိုင်ငံများသို့ တင်ပို့နေသည့်လုပ်ငန်းများအတွက် COVID-19 ကပ်ရောဂါ၏ထိုးနှက်ချက်က လုပ်ငန်းရှင်များအတွက်သာမက အလုပ်သမားများအတွက်ပါ စားဝတ်နေရေး အခက်အခဲကြုံတွေ့စေခဲ့သည်။ ဥရောပနိုင်ငံများက အပ်ထည်အမှာများ ထက်ဝက်ခန့်ပြန်လည်ရရှိလာသော်လည်း ယခင်နှစ်က တင်ပို့နိုင်သည့် ဒေါ်လာငါးဘီလီယံကျော်ကို ရရှိရန်မဖြစ်နိုင်ကြောင်း ရွှေပြည်သာမြို့နယ်မှ အထည်ချုပ်စက်ရုံပိုင်ရှင်တစ်ဦးကပြောသည်။

ဥရောပနိုင်ငံများက မေလလယ်နောက်ပိုင်းတွင် အမှာပေးချုပ်ထားသည့်အထည်များ ပြန်လည်လက်ခံပေးခဲ့သော်လည်း လက်ရှိအချိန်ထိ အပ်ထည်အမှာအသစ် ပုံမှန်အခြေအနေထက် ထက်ဝက်ခန့် လျော့နည်းနေဆဲဖြစ်သည်။ ဥရောပအဝတ်အထည်ဈေးကွက်ကို အဓိကမှီခိုနေရသော မြန်မာအထည်ချုပ်စက်ရုံများအတွက် လက်ရှိအချိန်ထိ အခက် အခဲများရှိနေသေးကြောင်း အထည်ချုပ်လုပ်ငန်းရှင်အချို့ကပြောသည်။ မြန်မာနိုင်ငံ၏ ချုပ်ပြီးအထည် ၆၅ ရာခိုင်နှုန်းကျော်က ဥရောပဈေးကွက်သို့ တင်ပို့နေခြင်းဖြစ်သည်။

Source: https://7day.news/detail?id=195089

## ကမ္ဘာ့ရွှေဈေး ၂၀၃၅ ဒေါ်လာဝန်းကျင်ဖြစ်ပေါ်ပြီး ပြည်တွင်းရွှေဈေးနှုန်း ကျပ် ၁၃၂၇၀၀၀ ဝန်းကျင် ရှိနေကာ ခြောက်ရက်ဆက်တိုက် ကျပ် ၁၃ သိန်းအထက်တွင်ရှိနေ

၂၀၂၀ ပြည့်နှစ် ဩဂုတ် ၇ ရက်တွင် ကမ္ဘာ့ရွှေဈေး ၂၀၃၅ ဒေါ်လာဝန်းကျင်ဖြင့် တစ်ပတ်တာဈေးပိတ်ခဲ့ပြီး ဩဂုတ် ၈ ရက်တွင် ပြည်တွင်းရွှေဈေးနှုန်း ကျပ် ၁၃၂၇၀၀၀ ဝန်းကျင်ရှိခဲ့ကာ ခြောက်ရက်ဆက်တိုက် ကျပ် ၁၃ သိန်းအထက်တွင် ရှိနေကြောင်း ရွှေရောင်းဝယ်သူများထံမှ သိရသည်။

ပြည်တွင်းရွှေဈေးနှုန်းသည် ၂၀၁၉ ခုနှစ် ဇန်နဝါရီ ၃ ရက်တွင် ၂၀၁၈ ခုနှစ် စက်တင်ဘာ ၂၀ ရက်၌ ဖြစ်ပေါ်ခဲ့သော ကျပ် ၁၀၄၇၇၀၀ စံချိန်ကို ကျပ် ၁၀၄၈၅၀၀ ဖြင့် ကျော်ဖြတ်ခဲ့ပြီး စံချိန်သစ်များ ဆက်တိုက်တင်ခဲ့ကာ ဇန်နဝါရီ ၃၁ ရက်တွင် ကျပ် ၁၀၆၃၀၀၀ အထိ ဖြစ်ပေါ်ခဲ့သည်။ ထို့နောက် ရွှေဈေးများ ဆက်လက်မြင့်တက်ခဲ့ရာ ဖေဖော်ဝါရီ ၂၀ ရက်တွင် ကျပ် ၁၀၈၈၅၀၀ အထိ၊ ၂၀၁၉ ခုနှစ် ဇွန် ၂၀ ရက်တွင် ကျပ် ၁၁၀၁၀၀၀ အထိ၊ ဇူလိုင် ၁၁ ရက်တွင် ကျပ် ၁၁၃၆၀၀၀ အထိ၊ ဇူလိုင် ၂၅ ရက်တွင် ကျပ် ၁၁၅၀၀၀၀ အထိ မြင့်တက်ခဲ့သည်။ ဩဂုတ်လအတွင်းတွင်လည်း စံချိန်သစ်များ ဆက်တိုက်ဖြစ်ပေါ်ခဲ့ပြီး ဩဂုတ် ၃

ရက်တွင် ကျပ် ၁၁၅၄၉၀၀၊ ဩဂုတ် ၇ ရက်တွင် ကျပ် ၁၂၀၃၀၀၀၊ ဩဂုတ် ၁၃ ရက်တွင် ကျပ် ၁၂၃၇၀၀၀၊ ဩဂုတ် ၂၆ ရက်တွင် ကျပ် ၁၂၄၉၀၀၀၊ ဩဂုတ် ၂၉ ရက်တွင် ကျပ် ၁၂၆၃၀၀၀၊ စက်တင်ဘာ ၄ ရက်တွင် ကျပ် ၁၂၈၂၀၀၀၊ စက်တင်ဘာ ၅ ရက်တွင် ကျပ် ၁၃၁၅၀၀၀ အထိ စံချိန်သစ်များ တင်ခဲ့ခြင်း ဖြစ်သည်။ ထို့နောက် ၁၁ လအကြာ ၂၀၂၀ ပြည့်နှစ် ဩဂုတ် ၅ ရက်တွင် ကျပ် ၁၃၁၈၀၀၀၊ ဩဂုတ် ၇ ရက်တွင် ကျပ် ၁၃၃၄၀၀၀ ဖြင့် ယခင်စံချိန်များကိုကျော်လွန်၍ စံချိန်သစ်ထပ်မံမြင့်တက်ခဲ့ခြင်းဖြစ်သည်။

၂၀၁၆ ခုနှစ်မှစ၍၂၀၁၉ ခုနှစ်အထိ ပြည်တွင်းရွှေဈေးနှုန်း စံချိန်တင်ဈေးနှုန်းများ အကြိမ်ကြိမ်ဖြစ်ပေါ်ခဲ့ကာ နှစ်အလိုက် စံချိန်တင်ဈေးနှုန်းများမှာ ၂၀၁၆ ခုနှစ် အောက်တိုဘာ ၄ ရက်တွင် ကျပ် ၉၀၃၅၀၀၊ ၂၀၁၇ ခုနှစ် စက်တင်ဘာ ၁၅ ရက်တွင် ကျပ် ၉၅၇၈၀၀၊ ၂၀၁၈ ခုနှစ် စက်တင်ဘာ ၂၀ ရက်တွင် ကျပ် ၁၀၄၇၇၀၀၊ ၂၀၁၉ ခုနှစ် ဖေဖော်ဝါရီ ၂၀ ရက်တွင် ကျပ် ၁၀၈၈၅၀၀၊ ၂၀၁၉ ခုနှစ် ဇူလိုင် ၁၈ ရက်တွင် ကျပ် ၁၁၄၃၅၀၀၊ ၂၀၁၉ ခုနှစ် ဩဂုတ် ၁၃ ရက်တွင် ကျပ် ၁၂၃၇၀၀၀၊ ၂၀၁၉ ခုနှစ် စက်တင်ဘာ ၅ ရက်တွင် ကျပ် ၁၃၁၅၀၀၀၊ ၂၀၂၀ ပြည့်နှစ် ဩဂုတ် ၇ ရက်တွင် ကျပ် ၁၃၃၄၀၀၀ ဖြစ်သည်။

ရွှေဈေးနှုန်းသည် ၂၀၁၆ ခုနှစ်တွင် ကျပ် ၈၀၀၀၀၀ တန်း၊ ၂၀၁၇ ခုနှစ်တွင် ကျပ် ၉၀၀၀၀၀ တန်း၊ ၂၀၁၈ ခုနှစ်တွင် ကျပ် ၁၀၀၀၀၀၀ တန်း၊ ၂၀၁၉ ခုနှစ်တွင် ကျပ် ၁၁၀၀၀၀၀ တန်းနှင့် ကျပ် ၁၂၀၀၀၀၀ တန်းကို ကျော်လွန်လာခဲ့ပြီး ၂၀၁၉ ခုနှစ် စက်တင်ဘာတွင် ကျပ် ၁၃၁၀၀၀၀ ကျော်အထိ မြင့်တက်ခဲ့ခြင်းဖြစ်ကာ ၂၀၂၀ ပြည့်နှစ် ဩဂုတ် ၆ ရက်တွင် ကျပ် ၁၃၃၄၀၀၀ အထိ စံချိန်တင်မြင့်တက်ခဲ့သည်။ ပြီးခဲ့သည့် ခြောက်လအတွင်း လအလိုက် အနိမ့်ဆုံးနှင့် အမြင့်ဆုံးရွှေဈေးနှုန်းများမှာ ၂၀၂၀ ပြည့်နှစ် ဖေဖော်ဝါရီတွင် ကျပ် ၁၂၁၄၀၀၀ – ၁၂၆၂၂၀၀၊ မတ်တွင် ကျပ် ၁၁၃၆၀၀၀– ၁၂၂၅၀၀၀၊ ဧပြီတွင် ကျပ် ၁၁၄၅၀၀၀– ၁၁၉၄၀၀၀၊ မေတွင် ကျပ် ၁၁၆၉၅၀၀– ၁၂၃၆၀၀၀၊ ဇွန်တွင် ကျပ် ၁၂၀၇၅၀၀– ၁၂၂၀၀၀၀၊ ဇူလိုင်တွင် ကျပ် ၁၂၁၆၀၀၀– ၁၃၀၂၀၀၀ ဖြစ်သည်။

**Source:** https://news-eleven.com/article/186340

## ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် ပထမနှစ်ဝက် ယစ်မျိုးခွန် ကျပ်သန်း ၇၈၀ ကျော်ရရှိခဲ့

၂၀၁၉-၂၀ ဘဏ္ဍာနှစ် ပြည်ထောင်စု ဝန်ကြီးဌာန/အဖွဲ့အစည်းများ၏ ပထမခြောက်လပတ်အတွင်း အခွန်လေးမျိုးမှ ကျပ် ၇၃၆ ဒသမ ၆၂၂ သန်း ကောက်ခံရရှိရန်လျာထားခဲ့ရာ ကျပ် ၈၂၉ ဒသမ ၄၄၃ သန်း ကောက်ခံရရှိခဲ့သဖြင့် မူလလျာထားချက်၏ ၁၁၂ ဒသမ ၆၀ ရာခိုင်နှုန်း အကောင်အထည်ဖော်ဆောင်ရွက်နိုင်ခဲ့ကြောင်း ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးဦးတင်မြင့်က ပြည်ထောင်စုလွှတ်တော်အစည်းအဝေး၌ပြောကြားခဲ့သည်။ ယစ်မျိုးခွန်၊ မြေခွန်အရပ်ရပ်၊ တာတမံခွန်နှင့် ဓာတ်သတ္တုခွန် အခွန်လေးမျိုးအနက် ယစ်မျိုးခွန်သည် ပမာဏအများဆုံးဖြစ်သည်။ "အခွန် လေးမျိုးအနက် ယစ်မျိုးခွန်ကို ကျပ် ၇၀၃ ဒသမ ၃၀၁ သန်း လျာထားခဲ့ပြီး ကျပ် ၇၈၁ ဒသမ ၉၀၉ သန်း ကောက်ခံရရှိခဲ့ပါတယ်၊ မြေခွန်အရပ်ရပ်ကို ကျပ် ၈ ဒသမ ၈၀၅ သန်းလျာထားခဲ့ပြီး ကျပ် ၄ ဒသမ ၄၉၄ သန်း ရရှိခဲ့ပါတယ်၊ တာတမံခွန်ကို ကျပ် ၀ ဒသမ ၉၁၄ သန်း လျာထားခဲ့သော်လည်း ကောက်ခံ ရရှိခြင်းမရှိပါ၊ ဓာတ်သတ္တုခွန်ကို ကျပ် ၂၃ ဒသမ ၆၀၂ သန်းလျာထားခဲ့ပြီး ကျပ် ၄၃ ဒသမ ၀၄၀ သန်း ကောက်ခံရရှိခဲ့ပါတယ်" ဟု ဒုတိယဝန်ကြီးက ရှင်းလင်းဖြေကြားခဲ့သည်။ ထို့အပြင် ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ ၂၀၁၉-၂၀ ဘဏ္ဍာရေးနှစ်ပြုပြင်ပြီး လျာထားချက်များအရ ၂၀၂၀ ခုနှစ် ဩဂုတ်လ ၄ ရက်နေ့အထိ အခွန်လေးမျိုးကောက်ခံရရှိမှုမှာ ယစ်မျိုးခွန်အား ကျပ် ၁၂၆၃ ဒသမ ၅၁၉ သန်းကောက်ခံရန် လျာထားခဲ့ရာမှ ကျပ် ၁၀၆၄ ဒသမ ၁၅၉ သန်း ကောက်ခံရရှိပြီးဖြစ်ရာ လျာထားချက်အပေါ် ၈၄ ဒသမ ၂၂ ရာခိုင်နှုန်းကိုလည်းကောင်း၊ မြေခွန် လျာထားချက် ကျပ် ၂၁ ဒသမ ၈၄၅ သန်းအပေါ် ကျပ် ၂၃ ဒသမ ၀၃၇ သန်း ကောက်ခံရရှိပြီးဖြစ်ရာ လျာထားချက်အပေါ် ၁၀၅ ဒသမ ၄၅ ရာခိုင်နှုန်း ကိုလည်းကောင်း၊ တာတမံခွန်လျာထားချက် ကျပ် ၁ ဒသမ ၁၁၇ သန်းအပေါ် ကျပ် ၁ ဒသမ ၁၁၇ သန်း ကောက်ခံရရှိပြီးဖြစ်ရာ လျာထားချက်အပေါ် ၁၀၀ ရာခိုင်နှုန်းကိုလည်းကောင်း၊ ဓာတ်သတ္တုခွန်အားလျာထားချက် ကျပ် ၇၆ ဒသမ ၅၅၀သန်းအပေါ် ကျပ် ၆၈ ဒသမ ၉၉၀ သန်း ကောက်ခံရရှိပြီးဖြစ်၍ လျာထားချက်အပေါ် ၉၀ ဒသမ ၁၂ ရာခိုင်နှုန်းကိုလည်းကောင်း အကောင်အထည်ဖော်နိုင်ခဲ့ပြီး ဘဏ္ဍာရေးနှစ် မကုန်ဆုံးမီ အပြေအကျေကောက်ခံရရှိရေး အလေးထား ကြပ်မတ်ဆောင်ရွက်လျက်ရှိပါကြောင်းလည်း ဒုတိယဝန်ကြီးကဖြေကြားခဲ့သည်။

**Source:** https://www.foodindustrydirectory.com.mm/food-industry/fruits-vegetables/item/3151-tax.html

## နယ်မြို့များ၌ ဆိတ်အရောင်းအဝယ်ကောင်းမွန်လာသည့်အတွက် ဈေးနှုန်းပြန်လည်မြင့်တက်လာ



COVID-19 ရောဂါကာကွယ်ထိန်းချုပ်ရေး ကာလအတွင်း ဆိတ်အရောင်းအဝယ်အေးနေရာမှ ယခုအခါ နယ်မြို့များ၌ပါ ဆိတ်အရောင်းအဝယ် ကောင်းမွန်လာသည့်အတွက် ဆိတ်အလေးချိန် တစ်ပေါင်လျှင် ငွေကျပ် ၂၀၀၀ ဝန်းကျင်အထိ ဈေးပြန်လည် မြင့်တက်လာကြောင်း မန္တလေးတိုင်းဒေသကြီး ကျွဲ၊ နွား၊ သိုး၊ ဆိတ် ရောင်းချသူများအသင်း ဒုတိယဥက္ကဋ္ဌ ဦးထက်သူအောင်၏ ပြောဆိုချက်အရ သိရသည်။

"လက်ရှိမှာ ဆိတ်ဈေးနှုန်းတွေ ပြန်လည်မြင့်တက်လာပါတယ်။ ဒီလိုဈေးတက်လာတဲ့အတွက် ဆိတ်မွေးမြူတဲ့သူတွေအနေနဲ့ ပိုပြီးအဆင်ပြေလာတယ်" ဟု ဦးထက်သူအောင်ကပြောသည်။ ယခုရက်ပိုင်းအတွင်း ရန်ကုန်၊ မန္တလေး၊ မကွေး၊ ပဲခူး စသည့်မြို့ကြီးများအပြင် နယ်မြို့များ၌ပါ ဆိတ်အရောင်းအဝယ်ဖြစ်နေသည်။

သို့သော် မြို့ကြီးများ၌သာ ဆိတ်အလေးချိန် တစ်ပေါင်လျှင် ငွေကျပ် ၁၈၀၀ မှ ၂၀၀၀ ဝန်းကျင်အထိ ဖြစ်ပေါ်နေသော်လည်း နယ်မြို့များ၌ သယ်ယူစရိတ်ရှိသည့်အတွက် မြို့ကြီးများတွင် ဖြစ်ပေါ်နေသည့်ဈေးထက် အနည်းငယ်လျော့နည်းကြောင်းသိရသည်။ ယခင်အချိန်များက ပြည်တွင်းပြည်ပ၌ ဆိတ်အရောင်းအဝယ် ဖြစ်ပေါ်ချိန်တွင် ဆိတ်အလေးချိန် တစ်ပေါင်လျှင် ငွေကျပ် ၂၃၀၀ မှ ၂၇၀၀ ခန့်အထိ ဖြစ်ပေါ်ခဲ့ကြောင်းသိရသည်။

**Source:** https://myawady.net.mm/node/163

## တရုတ်အစိုးရက အရည်အသွေးသတ်မှတ်ချက်တွေနဲ့ ဆန်တရားဝင် ဝယ်ယူနေတာကြောင့် မူဆယ်မှာတစ်ရက်ကို ဆန်အိတ်ရေသုံးသောင်းကျော်ထိ ပြန်လည်တင်ပို့နေရ



တရုတ်အစိုးရက ဆန်ကိုမှောင်ခိုတင်သွင်းနေတာတွေ ကာလကြာဖမ်းဆီးခဲ့ပြီးနောက် လက်ရှိအချိန်မှာ အရည်အသွေးသတ်မှတ်ချက်တွေနဲ့ တရုတ်ကုမ္ပဏီတွေကို တရားဝင်ဝယ်ယူခွင့်ပြုထားတာကြောင့် မြန်မာဘက်က ဆန်အိတ်ရေ တစ်ရက်ကို သုံးသောင်းကျော် ပြန်လည်တင်ပို့နေရပြီလို့ မူဆယ်ဆန်ကုန်စည်ဒိုင်ကသိရပါတယ်။ ပြီးခဲ့တဲ့ ၂၀၁၈-၁၉ ခုနှစ်ပိုင်းကစတင်ပြီး ဆန်တွေကို မူဆယ်က တင်သွင်းတာကို တရားမဝင်အဖြစ် တရုတ်အစိုးရ မကြာခဏ ဖမ်းဆီးမှုတွေပြုလုပ်ခဲ့တာကြောင့် ဆန်အရောင်းအဝယ် ကျဆင်းခဲ့ပါသေးတယ်။ လက်ရှိအချိန်မှာတော့ လိုအပ်ချက်အရ ဝယ်ယူခွင့်ပြုနေပြီး ဆန်တွေကို အဖမ်းအဆီးမရှိတော့ပဲ ကုမ္ပဏီချင်းချိတ်ဆက်ပြီး အရောင်းအဝယ်တွေပြုလုပ်တာ အဆင်ပြေနေတယ်လို့ မူဆယ် ဆန်ကုန်စည်ဒိုင် ဒုဥက္ကဋ္ဌ ဦးမင်းသိန်းကပြောပါတယ်။ သူက " အခု ပြန်ပြီးအရောင်းအဝယ်ဖြစ်နေတယ်။ ဒါပေမယ့်အခုရောင်းဝယ်နေတာက သတ်မှတ်ချက်တွေရှိတယ်။ အရင်က အကုန်ဝယ်တယ်။ အနီမှဲ့အလတ်ရော အမြင့်ရောအကုန်ဝယ်တယ်။ အခုသူတို့ဘက်က သတ်မှတ်ချက်တွေအတိုင်း ပြည့်မီမှဝယ်တော့တယ်"လို့ပြောပါတယ်။

ဆန်တင်ပို့ရာမှာ ပိုးမွှားသန့်စင်ပြီးကြောင်းထောက်ခံစာတွေ၊ ဆန်အရည်အသွေး သတ်မှတ်ချက်တွေပြည့်မီဖို့ လိုအပ်လာတယ်လို့သိရပါတယ်။ အဲဒါအပြင်ကားသမားတွေကို အလဲအလှယ်စနစ်နဲ့တရုတ်ပြည်ထဲကိုဝင်နေရတာကြောင့် ကြန့်ကြာမှုရှိပြီး အမှန်တကယ် တင်ပို့နိုင်တဲ့ပမာဏထက် လက်ရှိတင်ပို့နေရတာကနည်းနေတာဖြစ်တယ်လို့ပြောပါတယ်။ "သူတို့နိုင်ငံထဲကို ဝင်မယ်ဆိုရင် ကားသမားလဲရတယ်။ ဒီအတိုင်း တက်လာတဲ့ကားသမားဝင်လို့မရဘူး။ ဒါကြောင့်တစ်ရက်ကို ကားအစီး ၁၃၀ လောက်ပဲဝင်ရတယ်။ အရင်လိုဆိုရင် တစ်ရက်ကို ၄၀၀ လောက်ဝင်နိုင်တယ်။ covid ကြောင့် ထင်သလောက် ကားတွေ မဝင်နိုင်ဘူးဖြစ်နေတယ်"လို့ပြောပါတယ်။ တရုတ်နိုင်ငံကို ဆန်တင်ပို့ရာမှာ ကုမ္ပဏီအနေနဲ့တင်ပို့ရတာဖြစ်ပြီး အရင်က ကုမ္ပဏီ ၁၁ ခုကိုသာ အစိုးရကတင်ပို့ခွင့်ပေးထားပေမယ့် ပြီးခဲ့တဲ့ ဇူလိုင်လ လဝက်ကစပြီး ကုမ္ပဏီ ၄၀ ကျော်အထိတင်ပို့ခွင့်ပြုလိုက်ပြီလို့

သိရပါတယ်။

**Source:** https://www.kumudranews.com/news-38284

## ဆန်ရောင်းလိုအားကျလာသော ဗီယက်နမ်တွင် ဆန်ဈေးများ မြင့်တက်လာ



ဗီယက်နမ်တွင် ဆန်ရောင်းလိုအားပမာဏ လျော့ကျလာသဖြင့် ယခုတစ်ပတ် ဗီယက်နမ် ဆန်ပို့ကုန်ဈေးများ နှစ်လအတွင်း အမြင့်ဆုံးရောက်လာခဲ့သည်။ ထိုင်းနိုင်ငံ၌ ဘတ်ငွေဈေး အားပိုကောင်းလာခြင်းက ထိုင်းဆန်ဈေးကို ဆက်လက်ကြီးမြင့်စေပြီး ဝယ်လိုအားကို ကျဆင်းစေလျက်ရှိသည်။ ဗီယက်နမ် ငါးမှတ်ဆန်ဈေးသည် ယခင်တစ်ပတ်က တစ်တန်လျှင် ကန်ဒေါ်လာ ၄၄၀-၄၅၀ အကြား ရပ်တည်ခဲ့ရာက ယခုတစ်ပတ်ကြာသပတေးနေ့တွင် ဇွန်လလယ်နောက်ပိုင်း အမြင့်ဆုံးအဖြစ် တစ်တန်လျှင် ဒေါ်လာ ၄၇၀ နှုန်းအထိရောက်ရှိသွားခဲ့သည်။ "နွေနှောင်းစပါး ကောက်ပေါ်ရာသီက ပြီးသွားပြီဆိုတော့ ဆန်ရောင်းလိုအား နည်းနည်းလာပါတယ်" ဟုဟိုချီမင်းစီးတီးအခြေစိုက် ကုန်သည်တစ်ဦးက ပြောသည်။ ပြည်တွင်းကုန်သည်များကလည်း ဆန်ဈေးတက်လာမည်ကိုတွက်ဆကာ ဆန်သိုလှောင်လာကြသည်ဟု ၎င်းက ပြောသည်။

"ကုန်သည်တွေဟာ ကျူးဘား၊ မလေးရှား၊ ဖိလစ်ပိုင်တို့နဲ့ အစောပိုင်းမှာချုပ်ဆိုထား ခဲ့တဲ့ ဆန်စာချုပ်တွေကို ဖြည့်ဆည်းရောင်းချနိုင်ဖို့ အဓိကအာရုံထားနေပါတယ်"ဟု ၎င်းကပြောသည်။ ဗီယက်နမ်သည် ဆောင်းဦးစပါး မကြာမီစိုက်ပျိုး တော့မည်ဖြစ်ပြီး ထိုစပါးမှာ အောက်တိုဘာလအထိ ပေါ်ဦးမည်မဟုတ်ကြောင်း အခြားကုန်သည်များကပြောသည်။ ထိုင်းနိုင်ငံတွင် ငါးမှတ်ဆန်ဈေးသည် ယခင်တစ်ပတ်က တစ်တန်လျှင် ၄၆၅-၄၈၃ဒေါ်လာကြား ရပ်တည်ခဲ့ရာမှ ယခုတစ်ပတ်တွင် အပြောင်းအလဲအနည်းငယ်သာဖြစ်ပေါ်ကာ တစ်တန်လျှင် ၄၆၃-၄၈၃ ဒေါ်လာကြား ရပ်တည်ခဲ့သည်။

"အမေရိကန်ဒေါ်လာနဲ့ နှိုင်းယှဉ်ချက်အရ အားကောင်းနေတဲ့ ဘတ်ငွေဟာ ထိုင်းဆန်ဈေးကို ပြိုင်ဘက်နိုင်ငံ ဆန်တွေထက် ဈေးပိုကြီး မြင့်စေပြီး ဝယ်လက်တွေကို လက်ရှောင်သွားစေပါတယ်"ဟု ဘန်ကောက်အခြေစိုက် ကုန်သည်တစ်ဦးကပြောသည်။ နှစ်ဦးပိုင်းတွင်ကြုံခဲ့ရသော မိုးခေါင်မှုကြောင့် ထိုင်းဆန်ထုတ်လုပ်မှု ထိခိုက်ခဲ့ရပြီး ရောင်းလိုအားဆိုင်ရာစိုးရိမ်မှု ရှိနေဆဲပင်ဖြစ်သည်။ "လောလောဆယ်မှာ ဈေးကွက်ထဲကို ဆန်အသစ် များများစားစား ဝင်ရောက်လာဖို့မရှိပါဘူး။ ဒီတော့ ဆန်ဈေးဆက်လက်ကြီးမြင့်နေဦးမယ့် သဘောပါပဲ" ဟု ဘန်ကောက်အခြေစိုက် အခြားကုန်သည်တစ်ဦးကပြောသည်။ ဆန်တင်ပို့မှုထိပ်သီးအိန္ဒိယနိုင်ငံ၏ ငါးမှတ်ပေါင်းဆန်ဈေးမှာ ယခင်တစ်ပတ်ကအတိုင်း အပြောင်းအလဲမရှိဘဲ တစ်တန်လျှင် ၃၈၀-၃၈၅ ဒေါ်လာတွင် ရပ်တည်ခဲ့သည်။ အိန္ဒိယ၌ ကိုရိုနာဗိုင်းရပ်စ်ကူးစက်မှု ရုတ်တရက်မြင့်တက်လာခြင်းကြောင့် ဆန်စက်များနှင့်နိုင်ငံအကြီးဆုံးဆန်တင်ပို့ဆိပ်ကမ်းတို့၌ ကုန်သေတ္တာနှင့်လုပ်သားရှားပါးမှုကြုံနေရပြီး ဆန်ပို့ကုန်လုပ်ငန်းများမှာ အော်ဒါများကို ဖြည့်ဆည်းရောင်းချပေးရေး အခက်တွေ့နေသည်။ "လုပ်သားပြတ်လပ်မှုကြောင့် ကာကီနာဒါဆိပ်ကမ်းမှာ ကုန်တင်ဆောင်မှု အကန့်အသတ်နဲ့သာလုပ်နိုင်ပါတယ်"ဟု တောင်ပိုင်းအန္ဓရဒေသပြည်နယ်၊ကာကီနာဒါမြို့အခြေစိုက် ပို့ကုန်လုပ်ငန်းရှင်တစ်ဦးကပြောသည်။ ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် ဆယ်စုနှစ်နှစ်ခုကျော်အတွင်း ကြုံတွေ့ခဲ့ရသမျှအနက် အကြာဆုံးဖြစ်သော ရေကြီးမှုကြောင့် စပါးခင်းဟက်တာ ၈၀၀၀၀ နီးပါးရေနစ်မြုပ်ခဲ့ရသည်ဟု စိုက်ပျိုးရေးဝန်ကြီးဌာနတာဝန်ရှိသူများကပြောသည်။

**Source:** Reuters

https://www.thefarmermedia.com/news/15421

## ၂၀၂၀၊ ဒုတိယသုံးလပတ်တွင် ယူရိုဇုန်၏ ဂျီဒီပီ ၁၂.၁ ရာခိုင်နှုန်းဖြင့် စံချိန်တင်ကျဆင်း

၂၀၂၀ ပြည့်နှစ်၏ ပထမသုံးလပတ်နှင့်နှိုင်းယှဉ်ချက်အရ ဒုတိယသုံးလပတ်တွင် ယူရိုဇုန်၏စီးပွားရေး ၁၂.၁ ရာခိုင်နှုန်း ကျဆင်းခဲ့ကြောင်း ယူရိုဇုန်၏ကနဦးစာရင်းအင်းများအရသိရသည်။ ကိုရိုနာဗိုင်းရပ်စ်ကပ်ရောဂါကြောင့် တင်းကျပ်သော အသွားအလာကန့်သတ်မှုများ ချမှတ်ခဲ့ရသဖြင့် အဆိုပါကာလအတွင်း ယူရိုဇုန်၏ စီးပွားရေးသည် ဂဏန်း(၂) လုံး (two-digits) ဖြင့် ကျဆင်းခဲ့ခြင်းဖြစ်သည်။ ယူရိုဇုန်နိုင်ငံများအနက် ဂျာမနီနိုင်ငံ၏ ဂျီဒီပီမှာ ၁၀.၁ ရာခိုင်နှုန်း၊ အီတလီနိုင်ငံသည် ၁၂.၄ ရာခိုင်နှုန်း၊ ပြင်သစ်နိုင်ငံသည် ၁၃.၈ ရာခိုင်နှုန်းနှင့် စပိန်နိုင်ငံသည် ၁၈.၅ ရာခိုင်နှုန်းတို့ဖြင့် အသီးသီးကျဆင်း ခဲ့ကြောင်း သိရသည်။ ပထမသုံးလပတ်အတွင်း၌ ယူရိုဇုန်၏ ဂျီဒီပီသည် ၃.၆ ရာခိုင်နှုန်း ကျဆင်းခဲ့ပြီး၊ စပိန်၊ အီတလီနှင့် ပြင်သစ်နိုင်ငံတို့၏ ဂျီဒီပီမှာ ၅ ရာခိုင်နှုန်းကျော်ဖြင့် ကျဆင်းခဲ့ခြင်းဖြစ်သည်။

ယူရိုဇုန်၏စီးပွားရေးဆိုင်ရာ နောက်ဆုံးရစာရင်းဇယားများသည် ဥရောပနိုင်ငံများ၏ အစိုးရများက တင်းကျပ်သော

အသွားအလာကန့်သတ်ထားမှုများကို တဖြည်းဖြည်းချင်းဖြေလျှော့ခဲ့သည့် ကာလဖြစ်သော ဧပြီလမှဇွန်လအတွင်း စီးပွားရေးလုပ်ငန်းများကို အခြေခံထားခြင်းဖြစ်သည်။ မကြာသေးမီ ရက်သတ္တပတ်များအတွင်းက ဥရောပနိုင်ငံအချို့တွင် COVID-19 ရောဂါကူးစက်မှုများ မြင့်တက်လာမှုနှင့်အတူ ယူရိုဇုန်၏စီးပွားရေးတွင် မသေချာမရေရာမှုများစွာ ရှိနေဆဲဖြစ်ကြောင်းသိရသည်။ Eurostat ၏စာရင်းများအရ ၂၀၂၀ ပြည့်နှစ်၊ ဒုတိယသုံးလပတ်ကာလအတွင်း အီးယူ၏ GDP မှာလည်း ၁၁.၉ ရာခိုင်နှုန်းဖြင့် ကျဆင်းခဲ့ခြင်းဖြစ်သည်။

၂၀၂၀ ပြည့်နှစ်အတွက် ယူရိုဒေသ၏ GDP မှာ ၈.၇ ရာခိုင်နှုန်းဖြင့် ကျဆင်းမည်ဟု ဥရောပ ဗဟိုဘဏ်က ပြီးခဲ့သည့်ဇွန်လတွင် ခန့်မှန်းထားခဲ့သည်။ ယခုနှစ်၏ ပထမ(၆) လတာကာလနှင့်နှိုင်းယှဉ်ပါက တတိယသုံးလပတ်တွင် စီးပွားရေးလုပ်ငန်းလုပ်ဆောင်မှုများ သိသိသာသာပြန်တက်လာနိုင်မည်ဟု ယင်းကမျှော်လင့်ထားသည်။ ဥရောပ၏စာရင်းအင်း အေဂျင်စီ Eurostat အရ ၂၀၂၀၊ ဇူလိုင်လတွင် ယူရိုဇုန်၏ ငွေကြေးဖောင်းပွမှုနှုန်းမှာ ၀.၄ ရာခိုင်နှုန်းရှိခဲ့ပြီး၊ ဇွန်လနှုန်းထား ၀.၃ ရာခိုင်နှုန်းထက် တက်လာခဲ့ကြောင်းသိရသည်။ ယူရိုဇုန်နိုင်ငံများ၏ အစိုးရများအနေဖြင့် ယခင် ဆောင်ရွက်ခဲ့သကဲ့သို့ ၎င်းတို့၏ စီးပွားရေး လုပ်ငန်းများကို အလုံးစုံပိတ်သိမ်းထားခြင်းကို ပြုလုပ်မည်မဟုတ်ကြောင်း၊ ကြီးမားသည့်ရောဂါကူးစက်ပျံ့နှံ့မှုကို ရှောင်လွှဲနိုင်ရန်အတွက် လူစုလူဝေးပြုလုပ်ခြင်းနှင့် social distancing နှင့်ပတ်သက်သည့် တင်းကျပ်သောထပ်ဆောင်းစည်းမျဉ်းစည်းကမ်းများကို ပြဋ္ဌာန်းသွားရန်အတွက် အဆင်သင့်ရှိနေသည်ဟု ပြောကြားခဲ့ကြောင်းသိရသည်။

**Source: CNBC, Eurostat**

**စီးပွားရေးသံမှူး-မြန်မာသံရုံး ၊ ဘရပ်ဆဲလ်**

## ဂျပန်အစိုးရက အလုပ်အကိုင်ဆိုင်ရာ အထူးပံ့ပိုးငွေကို တိုးချဲ့ဆောင်ရွက်ရန် စဉ်းစားနေ

ဂျပန်နိုင်ငံအနေဖြင့် စီးပွားရေးလုပ်ငန်းများအား ကိုရိုနာဗိုင်းရပ်စ်ပြန့်ပွားနေမှုကြောင့် အလုပ်ရပ်နားထားရချိန်တွင် ဝန်ထမ်းများအား လစာပေးရခြင်းအတွက် အကျပ်အတည်းရင်ဆိုင်နေရမှုမှလျှော့ပါးစေရန် အလုပ်အကိုင်များအတွက် အထူးပံ့ပိုးငွေအစီအစဉ်ကို တိုးချဲ့ဆောင်ရွက်ရေး စဉ်းစားနေကြောင်း ဂျပန်နိုင်ငံ၊ Ministry of Health, Labor and Welfare (MHLW) က ဩဂုတ်လ ၅ ရက်နေ့က ပြောကြားခဲ့ပါသည်။

အလုပ်အကိုင်နှင့်ပတ်သက်သည့် ထောက်ပံ့ပေးမည့်အစီအစဉ်များ ရပ်နားလိုက်မည်ဆိုပါက ပြည်တွင်းရှိစီးပွားရေးလုပ်ငန်းများ အများအပြား အကျပ်အတည်းများရင်ဆိုင်ရနိုင်ပြီး အလုပ်လက်မဲ့နှုန်းသည် ပွားများတိုးတက်လာမည်ဖြစ်ပါကြောင်း မူဝါဒချမှတ်သူများအကြား ထောက်ပြပြောဆိုနေကြကြောင်းသိရပါသည်။ အဆိုပါပံ့ပိုးမှု တိုးချဲ့သက်တမ်းတိုးဆောင်ရွက်မည့်အစီအစဉ်နှင့်ပတ်သက်၍ အတိအကျ မဆုံးဖြတ်ရသေးပါကြောင်း၊ ဩဂုတ်လ ၅ ရက်နေ့တွင် ပြုလုပ်ခဲ့သည့် အစည်းအဝေးတွင် ဥပဒေရေးရာဆုံးဖြတ်ဆောင်ရွက်သူများက ယခုနှစ်ကုန်အထိ အဆိုပါအစီအစဉ်ကို သက်တမ်းတိုးဆောင်ရွက်ရန် အဆိုပြုခဲ့ကြပါကြောင်းဟု (MHLW) မှ အမည်မဖော်လိုသူ အရာထမ်းတစ်ဦးက ပြောကြားခဲ့ပါသည်။ အထူးအစီအစဉ်နှင့်ပတ်သက်၍ ထောက်ပံ့မှုပမာဏကို တိုးမြှင့်ရန် လျာထားပါကြောင်း၊ ဝန်ထမ်းများ လုပ်ခလစာပေးမှုတွင် အကျပ်အတည်းဖြစ်နေသည့် စီးပွားရေးလုပ်ငန်းများကို ပံ့ပိုးပေးရန် ရည်ရွယ်ထားပါကြောင်းဆိုပါသည်။

အစိုးရ၏ စာရင်းဇယားများအရ လူဦးရေ ၂.၃၆ သန်းခန့်သည် ပြီးခဲ့သည့် ဇွန်လအတွင်း အလုပ်မှရပ်နားထားကြရသည်ကိုတွေ့ရသဖြင့် ဥပရေးရာပညာရှင်များက ယခုကဲ့သို့ အလုပ်အကိုင်ဆိုင်ရာပံ့ပိုးမှုများကို ဆက်လက်သက်တမ်းတိုးဆောင်ရွက်ရန် တက်တက်ကြွကြွ တောင်းဆိုခဲ့ကြခြင်းဖြစ်ပါသည်။ ဂျပန်အစိုးရက ယန်း ၁.၆ ထရီလီယံကို အထူး ပံ့ပိုးငွေအတွက် သီးသန့်လျာထားပြီး ဇူလိုင်လအထိ ယန်း ၅၈၅.၁ ဘီလီယံခန့် စီးပွားရေးလုပ်ငန်းများထံ ပံ့ပိုးဆောင်ရွက်ပေးခဲ့ပါကြောင်း၊ ပံ့ပိုးမှုများရပ်ဆိုင်းလိုက်ပါက စီးပွားရေးလုပ်ငန်းများ အကျပ်အတည်းကြုံရနိုင်သဖြင့် အစိုးရသည်လိုအပ်သည့် အရေးပေါ် အစီအမံများကို တိုးမြှင့်ဆောင်ရွက်သင့်ပါကြောင်း သတင်း ရပ်ကွက်များက ထောက်ပြပြောဆိုနေကြပါသည်။

ဂျပန်နိုင်ငံ၏ အလုပ်အကိုင်ဈေးကွက်သည် ကိုရိုနာပြန့်ပွားမှုကြောင့် စီးပွားရေးလုပ်ငန်း အများအပြား ပိတ်သိမ်းခဲ့ရသဖြင့် သိသိသာသာအေးစက်လာခဲ့ပါသည်။ မေလအတွင်းက အစိုးရ၏ အရေးပေါ်အခြေအနေကြေငြာချက်ကို ပြန်လည်ရုတ်သိမ်းခဲ့ပြီးနောက် စီးပွားရေးလုပ်ငန်းပိုင်း ကန့်သတ်မှုများ ဖြေလျှော့ပေးခဲ့သော်လည်း လက်ရှိဗိုင်းရပ်စ်ပြန့်ပွား

နေသည့် အခြေအနေနှင့် နိုင်ငံ၏စီးပွားရေး နာလန်ထူမှုအခြေအနေတို့အကြား သဟဇာတဖြစ်မှုအကြား ကွာဟနေဆဲဖြစ်ကြောင်း၊ ကမ္ဘာ့တတိယစီးပွားရေးအင်အားကြီးနိုင်ငံအနေဖြင့် ယခင်ရင်ဆိုင်ခဲ့ရသည့် စီးပွားရေးအကျပ်အတည်းထက် ပိုမိုဆိုးရွားသည့်အခြေအနေနှင့် ရင်ဆိုင်နိုင်ရဖွယ်ရှိကြောင်း မူဝါဒပိုင်းသုံးသပ်သူများက ကောက်ချက်ချပြောဆိုခဲ့ပါသည်။

**Source: The Cabinet Office of Japan, METI, Japan, The Japan Times, The Japan News, The Yomiuri Shimbun., The Nikkei Asian Review.**

**စီးပွားရေးသံမှူး-မြန်မာသံရုံး ၊ ဂျပန်**

## စင်ကာပူ – ဩစတြေးလျ ဒီဂျစ်တယ်စီးပွားရေးသဘောတူစာချုပ်ကို ဩဂုတ်လ ၇ ရက်တွင် လက်မှတ်ရေးထိုး

စင်ကာပူ-ဩစတြေးလျ ဒီဂျစ်တယ်စီးပွားရေးသဘောတူစာချုပ် (Singapore – Australia Digital Economy Agreement – SADEA) ကို စင်ကာပူနိုင်ငံ ကုန်သွယ်ရေးနှင့်စက်မှုဝန်ကြီးဌာနဝန်ကြီး Chan Chun Sing နှင့် ဩစတြေးလျနိုင်ငံ ကုန်သွယ်ရေး၊ ခရီးသွားလာရေးနှင့် ရင်းနှီးမြှုပ်နှံမှုဝန်ကြီးဌာန ဝန်ကြီး Simon Birmingham တို့က ၇ – ၈ – ၂၀၂၀ ရက်နေ့တွင် video conference ပြုလုပ်၍ အီလက်ထရွန်နစ်နည်းလမ်းဖြင့် (electronically) လက်မှတ်ရေးထိုးခဲ့ကြောင်း သိရှိရပါသည်။

ယခုကဲ့သို့ SADEA ကို လက်မှတ်ရေးထိုးနိုင်ခြင်းသည် မိမိတို့နှစ်နိုင်ငံအကြား ကာလရှည် ဘက်ပေါင်းစုံပူးပေါင်းဆောင်ရွက်မှုများ၏ သမိုင်းမှတ်တိုင်တစ်ခုဖြစ်ပါကြောင်း၊ SADEA သည် စင်ကာပူကုမ္ပဏီများက ဩစတြေးလျကုမ္ပဏီများနှင့် နယ်စပ်ဖြတ်ကျော်စီးပွားရေးလုပ်ငန်းများကို ချိတ်ဆက်ဆောင်ရွက်ရာတွင် ပိုမိုလွယ်ကူမှုရှိပြီး ကုန်ကျစရိတ်သက်သာစေမည့် ကုန်သွယ်ရေး ဆိုင်ရာလုပ်ငန်းစဉ်များအား ဒီဂျစ်တယ်အသွင်ကူးပြောင်းဆောင်ရွက်ရာတွင် ပံ့ပိုးပေးမည်ဖြစ်ပါကြောင်း၊ ကိုဗစ် ၁၉ ကလည်း လုပ်ငန်းများမှ ဖောက်သည်များသို့ ရောက်ရှိနိုင်မည့် နည်းလမ်း များကို တီထွင်ဆန်းသစ်ဆောင်ရွက်လာကြရန်နှင့် လုပ်ငန်းဆောင်ရွက်မှု ပုံစံသစ်များကို လက်ခံဆောင်ရွက်လာကြရန် တွန်းအားပေးလျက်ရှိသည့်အတွက် SADEA သည် ဒီဂျစ်တယ်စီးပွားရေး၏ အခွင့်အလမ်းများကိုရယူပြီး ဒီဂျစ်တယ်ကုန်စည်နှင့်ဝန်ဆောင်မှုအသစ်များကို ဖန်တီးနိုင်သော နည်းပညာအသစ်များကို အသုံးပြုလာကြရန် ပံ့ပိုးပေးမည်ဖြစ်ကြောင်း စင်ကာပူကုန်သွယ်ရေးနှင့်စက်မှုဝန်ကြီးဌာနဝန်ကြီးက Chan Chun Sing က ပြောကြားပါသည်။

ဒီဂျစ်တယ်စီးပွားရေးအခွင့်အလမ်းများကို တိုးမြှင့်နိုင်ရန်မှာ SADEA သည် အခြေခံအုတ်မြစ် ဖြစ်ကြောင်း၊ SADEA နှင့်အတူ ကိုဗစ် ၁၉ ကာလအတွင်း လုပ်ငန်းများအတွက် အရေးကြီးသော ဒီဂျစ်တယ်ကုန်သွယ်ရေးပတ်ဝန်းကျင်တစ်ခုကို ဖန်တီးသွားမည်ဖြစ်ကြောင်း၊ စားသုံးသူများနှင့် လုပ်ငန်းများ၏ ကိုယ်ပိုင်သတင်းအချက်အလက်များကို ကာကွယ်ပေးလျက် မလိုလားအပ်သော ကုန်ကျစရိတ်ကြီးမားသည့် သတ်မှတ်ချက်များ မပြုလုပ်ဘဲ ယုံကြည်စိတ်ချရသော နယ်စပ်ဖြတ်ကျော်သတင်းအချက်အလက်စီးဆင်းမှုကို ဖော်ဆောင်ပေးနိုင်မည်ဖြစ်ကြောင်း ဖော်ပြထားပါသည်။

စင်ကာပူနှင့် ဩစတြေးလျနိုင်ငံတို့မှ သက်ဆိုင်ရာဌာနများအနေဖြင့် ၂၀၂၀ ခုနှစ်၊ မတ်လတွင် ရေးထိုးခဲ့ကြသော နားလည်မှုစာချွန်လွှာ(၇)ခုမှ လုပ်ငန်းများအတွက် လက်ဆုပ်လက်ကိုင်ပြနိုင်သည့် အကျိုးကျေးဇူးနှင့် အခွင့်အလမ်းများရှိမည့် စီမံကိန်းများကို တိတိကျကျသတ်မှတ်ဆောင်ရွက် သွားမည်ဖြစ်ကြောင်း၊ ထိုစီမံကိန်းများတွင် အမျိုးသားပြတင်းတစ်ပေါက် (National Single Window) စနစ် ချိတ်ဆက်မှု၊ ကုန်စည်တင်သွင်းခြင်းနှင့် တင်ပို့ခြင်းတို့အတွက် အီလက်ထရွန်နစ် သက်သေခံအထောက်အထားလက်မှတ် (E-certification)၊ ဖြန့်ဝေအသုံးပြုနိုင်သောစာရင်းစာအုပ် (Distributed Ledger) နည်းပညာကို အသုံးပြု၍ အီလက်ထရွန်နစ် ကုန်သွယ်ရေးဆိုင်ရာ စာရွက်စာတမ်းများကို မျှဝေခြင်းနှင့်စိစစ်အတည်ပြုခြင်း၊ နယ်စပ်ဖြတ်ကျော်သတင်းအချက်အလက်များကို မျှဝေမည့်စီမံကိန်းလုပ်ငန်းများပါဝင်ကြောင်း ဖော်ပြထားပါသည်။

စင်ကာပူသည် ချီလီ၊ နယူးဇီလန်နိုင်ငံတို့နှင့် ပထမဆုံးဒီဂျစ်တယ်စီးပွားရေးပူးပေါင်းဆောင်ရွက်မှု သဘောတူစာချုပ် (Digital Economy Partnership Agreement – DEPA) ကို ၁၂ – ၆ – ၂၀၂၀ ရက်တွင် လက်မှတ်ရေးထိုးခဲ့ပြီးဖြစ်သောကြောင့် ယခု SADEA သည် စင်ကာပူနိုင်ငံ၏ ဒုတိယမြောက် ဒီဂျစ်တယ်စီးပွားရေးသဘောတူစာချုပ်ဖြစ်ကြောင်း သိရှိရပါသည်။

**Source: Ministry of Trade & Industry, Singapore** **စီးပွားရေးသံမှူး၊ မြန်မာသံရုံး၊ စင်ကာပူ**

YANGON
STOCK EXCHANGE

Search...

Market Data | Listed Company | Regulations | Learning | Trading | Listing on YSX | About YSX

Home > Market Data > Stock trading data

## Stock trading data

As of 10th Aug. 2020

### Stock trading

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 10,000 | -500 | -4.76% | 10,000 | 10,500 | 10,000 | 2,716 | 27,382,500 | 27,112,747 | 271,127 |
| MTSH | 00002 | 3,750 | -50 | -1.32% | 3,750 | 3,800 | 3,750 | 3,021 | 11,338,300 | 38,929,150 | 145,984 |
| MCB | 00003 | 8,000 | +0 | +0.00% | 8,000 | 8,000 | 8,000 | 212 | 1,696,000 | 10,400,986 | 83,208 |
| FPB | 00004 | 21,500 | -500 | -2.27% | 22,000 | 22,000 | 21,500 | 307 | 6,677,500 | 2,472,053 | 53,149 |
| TMH | 00005 | 2,750 | -50 | -1.79% | 2,800 | 2,800 | 2,750 | 827 | 2,275,500 | 12,823,224 | 35,264 |
| EFR | 00006 | 2,900 | -200 | -6.45% | 3,100 | 3,100 | 2,900 | 16 | 48,600 | 19,977,223 | 57,934 |

## Market summary

As of 10th Aug. 2020

### Today's summary

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 434.60 | -14.37 | -3.20% | 438.55 | 448.53 | 434.60 | 7,099 | 49,418,400 | 6 | 646,666 |

### Index chart




## Market Overview

As of 1:00 pm, 10th Aug. 2020

| MYANPIX | 434.60 ▼ 14.37 |
|---|---|
| Total Volume (shares) | 7,099 |
| Total Value (MMK) | 49 mil |
| Listed Company | 6 |
| Market Cap. (MMK) | 646,666 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 10,000 | ▼ 500 |
| MTSH | 00002 | 3,750 | ▼ 50 |
| MCB | 00003 | 8,000 | ▲ 0 |
| FPB | 00004 | 21,500 | ▼ 500 |
| TMH | 00005 | 2,750 | ▼ 50 |
| EFR | 00006 | 2,900 | ▼ 200 |